# မာတိကာ


**နှစ်ပေါင်း ၆၀ စာ ဘဝလိုဏ်ခေါင်းထဲက ပြန်ထွက်လာသော ကဗျာရထား** ၇

**နလုံးသားရေဒါမှ ဖမ်းယူထားသော ...**

| | | |
|---|---|---|
| ၁။ | ၂၀၁၉ | ၁၁ |
| ၂။ | စစ်မိစ္ဆာ | ၁၂ |
| ၃။ | ဆောင်းရဲ့ လှည့်ကွက် | ၁၃ |
| ၄။ | သေနတ်နှင့် ငြိမ်းချမ်းရေး | ၁၅ |
| ၅။ | YBS-87 သီချင်း | ၁၇ |
| ၆။ | ကဗျာရေလက်ကြား | ၁၈ |
| ၇။ | လျှောင် | ၁၉ |
| ၈။ | ငါတို့စားနေကျ မနက်ခင်းတွေ | ၂၀ |
| ၉။ | သူစိမ်းနိုင်ငံတော်နှင့် လမ်းပေါ်မှာဆိုသောတေး | ၂၂ |
| ၁၀။ | ဖတ်နေကျသတင်းတစ်ပုဒ်ထဲက အတိုင်း | ၂၄ |
| ၁၁။ | ဝေစု | ၂၆ |
| ၁၂။ | အိပ်မောကျကမ်းခြေသို့ ဆိုက်ရောက်လာသော တနင်္ဂနွေနေ့အကြောင်း | ၂၈ |
| ၁၃။ | မျက်တွင်းဟောက်ပက်နိုင်ငံရေးမျက်နှာတစ်ခြမ်းနဲ့ နိုင်ငံ | ၃၁ |
| ၁၄။ | ဓါးကွက် | ၃၄ |
| ၁၅။ | စကြဝဠာလုံးဆိုင်ရာအမှား | ၃၅ |
| ၁၆။ | စက်လှ | ၃၇ |
| ၁၇။ | ယုံကြည်ချက်ချင်း ပခုံးချင်းယှဉ်တဲ့ခေတ် | ၃၉ |
| ၁၈။ | လူပြောများတဲ့ ခေတ်ကြီးထဲ | ၄၁ |
| ၁၉။ | ထိုကဲ့သို့သော ပြဿနာများ၏ စာမျက်နှာအစ | ၄၅ |
| ၂၀။ | ၅၇/၆၂/၈၉/၁၀ ကဗျာကိုယ်ရေးအကျဉ်း | ၄၇ |
| ၂၁။ | Every Day ကို ရင်ဆိုင်ခြင်း | ၄၉ |
| ၂၂။ | စစ်ရဲ့နောက်ဆက်တွဲ ဆိုးကျိုးတွေကိုတော့ ကဗျာတွေက ထုတ်ဖော်တယ် | ၅၂ |
| ၂၃။ | မမြင်ရတဲ့ 'ငါ' | ၅၄ |
| ၂၄။ | ကမ်းရှာငှက်တွေရှာတဲ့ ကမ်းခြေ | ၅၅ |
| ၂၅။ | မီဒီယာအလန့်တကြား | ၅၆ |
| ၂၆။ | မပြီးသေးသောစစ် | ၅၈ |
| ၂၇။ | ကဗျာထဲက အိမ်ကလေးတစ်လုံးနဲ့ ကဗျာအပြင်ဘက်က အိမ်ကလေးတစ်လုံး | ၅၉ |
| ၂၈။ | Poet Seita Shared a Link | ၆၁ |
| ၂၉။ | ကျွန်တော်ဆက်ပြီး ဘလော့ခ်ရဦးမယ့်သူတွေ | ၆၃ |
| ၃၀။ | ရှုံးပိုးများ | ၆၅ |
| ၃၁။ | ခံတပ် | ၆၇ |
| ၃၂။ | ခေတ်သစ်မင်းမင်းလတ်သီချင်းတစ်ပုဒ်ကို နားထောင်ခြင်း | ၆၉ |
| ၃၃။ | သေခြင်းတရားက ဘယ်သူ့ကိုမှခွဲခြားဆက်ဆံနေမှာမဟုတ်ဘူး | ၇၂ |
| ၃၄။ | ကိုယ့်လက်ထဲက ကျကွဲသွားတဲ့ တနင်္ဂနွေ | ၇၅ |
| ၃၅။ | အချစ် | ၇၇ |
| ၃၆။ | ဘာလိုသေးလဲ အချစ်ရယ် | ၇၈ |

**အင်းလျားနီနီ၊ ကံ့ကော်တောနှင့် စွယ်တော်သူပုန်ကျောင်း**

| | | |
|---|---|---|
| ၃၇။ | မနိုးသေးသော အိပ်မက် | ၈၁ |
| ၃၈။ | ခိုနိပန်းကြွေချိန် ဒီလမ်းပေါ်မှာ | ၈၄ |
| ၃၉။ | R.I.T ကျောင်းသားဟောင်းတစ်ယောက်ရဲ့ အလိုအလျောက် ဖွင့်ဟဝန်ခံမှုများ | ၈၇ |

**အမေစရာဝတီနှင့် သန်းခေါင်ထက်ညှို့မှုန်တော့သော ရေဒီယိုများ**

| | | |
|---|---|---|
| ၄၀။ | ဧရာဝတီရေ အန္တရာယ်တွေကုန်ကာ ကင်းဝေးပါစေသား | ၉၅ |
| ၄၁။ | အမေ့ထံသို့ အိတ်ဖွင့်ပေးစာ | ၁၀၁ |
| ၄၂။ | သန်းခေါင်ထက်ညှို့မှုန်တော့သောရေဒီယိုများအကြောင်း | ၁၀၆ |






## နှစ်ပေါင်း ၆၀ စာ ဘဝလိုဏ်ခေါင်းထဲက ပြန်ထွက်လာသော ကဗျာရထား

'မျက်တွင်းဟောက်ပက် နိုင်ငံရေးမျက်နှာတစ်ခြမ်းနဲ့ နိုင်ငံ' ကဗျာစာအုပ်ဟာ ကျွန်တော့်ရဲ့ တတိယမြောက် တစ်ကိုယ်တော်လုံးချင်းကဗျာစာအုပ်ပါပဲ။ ဒီကဗျာစာအုပ်ဟာ ဖလာကျင်းနေတဲ့ သူ့ရဲ့ စာမျက်နှာတွေနဲ့ ကျွန်တော့်ရဲ့ နှစ်ပေါင်း ၆၀ စာ ဘဝလိုဏ်ခေါင်းထဲ ဝင်ရောက်ဖြတ်သန်းပြီး ပြန်ထွက်လာတော့ ကဗျာကုန်ချောတွေ သယ်ဆောင်ယူလာတဲ့ ကဗျာရထားတစ်စီး ဖြစ်နေပါတယ်။

'ကဗျာဆရာတွေဟာ ဘယ်ခေတ်မှာမဆို သူတို့ရဲ့ခံစားမှုကို သစ္စာမဖောက်ကြဘူး' ဆိုတဲ့ ဝါကျတစ်ကြောင်းဟာ ကျွန်တော့်နှလုံးသားထဲမှာ သံနှိုက်ထားသလို စွဲမြဲနေတယ်။ 'ကဗျာဆိုတာ ဘာလဲ' ဆိုတဲ့ ဒီမေးခွန်းက ကျွန်တော့်ကို ခေါင်းခဲစေတယ်။ ကဗျာမှာပါတဲ့ ကဗျာမော်အစွမ်းကို ကဗျာဆရာက ဘယ်လိုရလိုက်ပါသလဲ။ တကယ်တော့ ကဗျာဆိုတာ ကဗျာဆရာရောက်ရှိနေတဲ့ ခေတ်ကြီးတစ်ခေတ်ရဲ့ ရှေ့ကဆောင်ပြထားတဲ့ ကြည့်မှန်တစ်ချပ်ပဲ မဟုတ်လား။

'David Harvey ' ရေးသားတဲ့ The Condition of Postmodernity (1990) စာအုပ်ထဲက Modernity and Modernism ဆောင်းပါးထဲမှာ ဖော်ပြထားတဲ့ အမေရိကန်အတွေးအခေါ်ပညာရှင် မှာက်စ်ဝါဒီနှင့် လူ့အခွင့်အရေးဝါဒီ 'Marshall Berman' ရဲ့ အရေးအသားတစ်ခုကတော့ ''ကမ္ဘာတစ်ခုလုံးမှာရှိသော





အမျိုးသားအမျိုးသမီးများသည် ယင်းတို့ကိုယ်တိုင်နှင့် အခြားသူများ၏ ကာလဒေသအတွေ့အကြုံများ ဘဝ၏ဖြစ်နိုင်ခြေများနှင့် ဘေးသင့်မှုများကို မျှဝေနေကြသည်'' လို့ ဆိုပါတယ်။ ဒါဆို ခေတ်ပေါ် 'မော်ဒန်ကဗျာ' ဆရာတွေကရော၊ သူတို့ရဲ့ ကဗျာတွေကဘာဖြစ်မလဲဆိုတာ ကဗျာဖတ်သူတွေ ခန့်မှန်းလို့ရပါပြီ။

ကဗျာရေးသားခြင်းဟာ တသီးပုဂ္ဂလဆန်တဲ့ အလုပ်တစ်ခုဖြစ်ပေမဲ့ ကဗျာဆရာဟာ လူ့လောကမှာ တစ်ဦးတစ်ယောက်တည်း နေ၍မရပါ။ ကဗျာဆရာရဲ့ ကဗျာအတွေးဟာ လူ့အများနှင့် လူ့ပတ်ဝန်းကျင်ကို အသေအချာဆက်စပ်မှု ရှိနေပြီး စကြဝဠာတစ်ခုလုံးကို ဝင်ဆံ့နေပါတယ်။ ဒီနေ့ ခေတ်ပေါ် 'မော်ဒန်ကဗျာ' ဟာ ဒီနေ့လူသားရဲ့ သဘာယာကြည်နူးဖွယ် ဘဝရှုခင်းကို ခင်းကျင်းပေးသလို ကမ္ဘာလောကရဲ့ အမှောင်ထုနက်တဲ့ မည်သည့်နေရာကိုမဆို ကဗျာဖတ်သူမြင်သာအောင် လင်းကျင်းပေးပြီး ကဗျာဖတ်သူလူသားရဲ့ မည်သည့်စိတ်ဒဏ်ရာကိုမဆို ကုသပေးနိုင်တဲ့ သမားတော်ပါပဲ။ ။

စေတ